ရွှေပဒေသာစာပေ

မိုးစက်ပွင့်

(ကလောင်ခွဲ) အလင်းသစ်

# ထနောင်းရိပ်

(အချစ်လုံးချင်းဝတ္ထုသစ်)



# အခန်း (၁)

"ဓာတ်ပုံရိုက်ကြမလား အစ်မတို့ . . . ဒီအချိန်က ဓာတ်ပုံရိုက်လို့ အလှဆုံးအချိန်နော်၊ လက်ပေါ်ကို နေလုံးလေးတင်ပြီး ရိုက်လို့ ရတယ်"

"လက်ပေါ်ကို နေလုံးတင်ပြီးရိုက်လို့ ရတယ် . . . ဟုတ်လား"

"ဟုတ်ကဲ့၊ အစ်မတို့ လက်ဝါးလေးဖြန့်ပြီး ဟောဟိုကနေ နေလုံးလေးကို တင်ထားသလိုလုပ်ပြီး ရိုက်ရင် ပုံထွက်လာတဲ့ အခါ နေလုံးက အစ်မလက်ဝါးပေါ်မှာ တင်ပြီးသား ဖြစ်သွားမှာ လေ"

"သြော်"

"ရိုက်မယ် ရိုက်မယ်၊ တို့ ရိုက်မယ်"

ဓာတ်ပုံဆရာနှင့် ဘုရားဖူးအဖွဲ့ အဆင်ပြေသွားကြပုံကို တစ်ဦးတစ်ယောက်က ငေးစိုက်ကြည့်နေရင်း ရင်ထဲမှာ နင့်သီးမှုများ နှင့် အတူ မျက်ရည်က ဝေ့ချင်ချင်။ သူမ အခုရပ်နေတာ ရွှေဆံတော်ဘုရား ပေါ်မှာပါ။

ဘုရားပေါ်မှာ နိုင်ငံခြားသား ဧည့်သည် တွေကများ နေပြီး မြန်မာတွေနည်းနေသောကြောင့် နိုင်ငံခြားကို အလည်ရောက်နေသည့် အလား ပမာ။

နိုင်ငံခြားသားတွေထဲမှာ အချို့က မြန်မာထဘီ၊ မြန်မာပုဆိုးလေးတွေကိုဝတ်လို့ ရှင်မတောင်သနပ်ခါး ပါးကွက်ကွက်သူက ကွက်နှင့် ကို

ယ့်မြန်မာယဉ်ကျေးမှုကို မြတ်နိုးစွာအတုခိုးတာပါလားဟု တွေးမိတော့ စောစောက ကိုယ့် personal ကိစ္စကြောင့် ဝေ့ချင်သော မျက်ရည်တောင် ဘယ်ရောက် သွားမှန်းမသိ။

သူမက မြန်မာပြည်က မြန်မာမလေးဖြစ်ခွင့်ရသည့် အပြင် မြန်မာ့ ယဉ်ကျေးမှုအမွေအနှစ်တွေကို ထိန်းသိမ်းစောင့်ရှောက်ရာဒေသ ပုဂံမှာ မှ လူဖြစ်ခွင့်ရတာကို ဂုဏ်ယူဝင့်ကြွားနေသူ။

မြန်မာမှန်ရင် ပုဂံရောက်ဖူးရမည်တဲ့ ။ သူမကတော့ ပုဂံမှာ မွေးတဲ့ ပုဂံသူလေးမို့ ကိုယ့်မြေ၊ ကိုယ့် အမျိုးကို ချစ်လွန်းလို့ ရင်ကွဲစရာတွေနှင့် ကြုံခဲ့ပြီးပါပြီ။

မိုးရိပ်ရယ် . . . လို့ ရင်ထဲမှာ တမ်းတမိရင်း မျက်ဝန်းတွေက တောင် စွယ်ထိပ်ကနေ နေလုံး နီနီကြီးဆီသို့ ရောက်သွားသည် ။ တောင်စွယ်မှာ နေကွယ်ရင် ဟောဒီရွှေဆံတော်ဘုရားပေါ်ကနေ လိုရာ ဆုတောင်းလို့ ပြ ည့်သည် လို့ ယုံကြည်ထားကြတဲ့ လူအများ စုတို့ ရဲ့ အယူဝါဒအတိုင်း သာဆို ပျိုးရိပ် ဆုတောင်းလိုက်ချင်ပါသည် ။

နောင်ဘဝတွေရှိခဲ့ရင်လည်း ပျိုးရိပ်သွင်သည် မြန်မာပြည်မှာ မွေးတဲ့ မြန်မာစစ်စစ် ဧကန်ဖြစ်ရ ပါလို၏ လို့ လေ။ မောင်လေးမိုးရိပ်သည် လ ည်း ကိုယ့်အမျိုး ဘာသာ သာသနာကိုကိုးကွယ် ဆည်းကပ် ခြင်းနှင့် ချစ် တဲ့ သူနှင့် ပေါင်းခွင့်ကြုံပါစေ။ အခု မပေါင်းရလို့ လားဆိုတော့ မပေါင်း ရတာလည်း မဟုတ်၊ ပေါင်းရတာလည်း မဟုတ်နှင့် အသေဆိုးနဲ့ သေသွားခဲ့ရတာကို အချို့လူတွေရဲ့ ပါးစပ်ဖျားမှာ ရာဇဝင်လေး တစ်ခု တွင် သွားခဲ့သည် ။

ဪ အချစ်က အဲဒီအထိ တန်ခိုးကြီးသွားသတဲ့ လား။ ၁၅၀၀ နဲ့ ၅၂ ၈ ကြားမှာ မိုးရိပ် အသက်ပေးပြီး ရှုံးခဲ့တာက ပျိုးရိပ်ပါ။ ၅၂၈ ဆိုတာ

ရေအလျဉ်လို တသွင်သွင်စီးဆင်းလျက် ငြိမ့်ငြိမ့် စိမ့်စိမ့်လေးပဲလေ။ ၁၅ ဂဂ လို့ ဗိုအားပြင်းပြင်းမေတ္တာကို မယှဉ်နိုင်ခဲ့ပါဘူး။

ဒါပေမဲ့ ဗိုအားပြင်းတဲ့ အချစ်ကပဲ သူ့ဘဝကိုလောင်မြိုက်သွားခဲ့တာသည် ပျိုးရိပ်အတွက်တော့ ဆယ်နေကဲ ဖြစ်ခဲ့ရတာပဲမဟုတ်လား။ အဲဒီအတွက် နင်သိပ်မိုက်တယ်လို့ မပြောချင်တော့ပါဘူး မိုးရိပ်ရယ်။ ချစ်သူတောင်းလို့ အမေ့အသည်းနှလုံးကိုတောင်ပူဆာခဲ့ဖူးသူတွေ ရှေ့မှာ သာဓကရှိခဲ့ဖူးတော့ ငါပေးခဲ့ရတာက အသည်းနှလုံးမဟုတ်သော အသည်းနှလုံးပါပဲ။

"ပျိုးရိပ်"

". . ."

"ဟဲ့ . . . ပျိုးရိပ်"

"အင် ဟင်"

"ဘယ်လိုဖြစ်ရတာလဲ ပျိုးရိပ်ရယ်၊ လူစင်စစ်ကနေ ကျိန်စာသင့်ပြီး ကျောက်ရုပ်များ ဖြစ်သွားပြီ လားလို့ "

"ဘာလဲ မေဖူးရဲ့ "

"ငါကဘာမှ မလဲဘူး၊ လဲကတာ ဟိုမှာ "

မေဖူး လက်ညှိုးထိုးပြရာကို လှည့်ကြည့်လိုက်တော့ နိုင်ငံခြားသား အမျိုးသားနဲ့ အမျိုးသမီး နှစ်ယောက်။ ပျိုးရိပ်ကို ရယ်ပြနေတာမို့ ပျိုးရိပ်ပြန်ရယ်ပြလိုက်စဉ် အမျိုးသမီးက သူတို့ ဘာသာ စကားနှင့် . . .

"ဆံပင်တွေအရှည်ကြီးပဲ၊ ဓာတ်ပုံရိုက်ခွင့်ပြုပါနော်"

ပျိုးရိပ်ကလည်း သူတို့ ဘာသာစကားနှင့် ပြန်ပြောလိုက်သည် ။

"ဟုတ်ကဲ့ ရပါတယ်"

အမျိုးသမီးက ပျိုးရိပ်အနားထိ လျှောက် လာပြီး . . .

"ဆံပင်တွေကို ခဏလောက်ကိုင်ကြည့်လို့ ရမလား"

"ရပါတယ်၊ ကိုင်ကြည့်လေ"

"နှစ်ယောက်အတူ ရိုက်လိုက်ပါလား"

"သူ့တစ်ယောက်တည်းပုံကိုလည်း လိုချင်လို့ ပါ"

"ဒါဆို သုံးလေးပုံလောက်ရိုက်မယ်နော်၊ ရမလား"

ပျိုးရိပ် ခေါင်းညိတ်ပြပြီးနောက် ပျိုးရိပ်တစ်ယောက်တည်းရော၊ နိုင်ငံခြားအမျိုးသမီးနှင့် နှစ်ယောက်ရော ဓာတ်ပုံတွေတစ်ပုံပြီးတစ်ပုံရိုက်ပြီး ကျေနပ်ပြီဆိုမှ ပျိုးရိပ်ကိုနှုတ်ဆက်၍ ထွက်ခွာ သွားကြသည် ။

မြန်မာဘုရားဖူးအဖွဲ့ကလည်း နိုင်ငံခြားသားတွေနှင့် ဓာတ်ပုံတွဲရိုက်ချင်သည် ဟူ၍ ဓာတ်ပုံဆရာ က စကားပြန်လုပ်ပေးပြီး ရိုက်နေကြတာ မပြီးနိုင် မစီးနိုင်။

"ဟဲ့ . . . ပျိုးရိပ်"

"ဟင် . . . ဘာလဲ"

"မြင်ကွင်းက ပြောင်းပြန်ဖြစ်နေတာ တွေ့လား"

"ဟင့်အင်း"

"ဟိုမှာ လေ . . . နိုင်ငံခြားသူက ထဘီဝတ်ထားပြီး တို့ မြန်မာမိန်းကလေးက ဘောင်းဘီတိုတို ကျပ်ကျပ်နဲ့ ဖြစ်နေတာ"

"ယဉ်ကျေးမှုချင်း ဖလှယ်နေတာဖြစ်မှာ ပေါ့"

"သူတို့ အစား မြန်မာလို့ ပြောရမှာ တောင် ရှက်စရာကောင်းနေပြီ ဟယ်"

"ကဲပါ နေဝင်တော့မယ်၊ လာ . . . ဘုရားဦးချပြီး ဆုတောင်းရအောင် "

ပျိုးရိပ်နဲ့ မေဖူး ဘုရားဝတ်ပြုလိုက်ကြသည် ။ ဒီဘုရားပေါ်ကို သူတို့ ရောက်လာကြတာ မိုးရိပ်ကို သတိရလို့ လေ။ မိုးရိပ်ညိုဆိုတာ ပျိုးရိပ်သွင်ရဲ့ အချစ်ဆုံးမောင်လေးပေါ့။ မိဘနှစ်ပါးမရှိတော့ကတည်းက ဘယ်ဆွေမျိုးသားချင်းကိုမှ အားမကိုးဘဲ သူမပဲအစ်မကြီးအမိအရာအနေနဲ့ မောင်လေးကို ထိန်းကျောင်း စောင့်ရှောက်ရင်း နေလာခဲ့ကြတာ။

အစ်မသည် သာ ကိုးကွယ်ရာလို့ အရမ်းချစ်ကြတဲ့ မောင်နှမ။ ၁၅၀၀ အချစ်နဲ့ တွေ့မှ သူမဘက်ကို မှီအားကျပြီး ရင်ဝကိုစုန်ကန်ထွက်ဖို့ ကြိုးစားသူ။ ပျိုးရိပ် အတ္တကြီးခဲ့တယ်လို့ ဆိုရင် အဲဒီအတ္တက ကိုယ့်ဘာသာကို ကိုးကွယ်ယုံကြည်ခြင်းနှင့် ထိန်းသိမ်းခြင်းတွေသာ။

နင် ကောင်းရာသုဂတိလားပါစေ မိုးရိပ်ရယ်။ ငါနင့်ကို အရမ်းသတိရ လွမ်းဆွတ်နေရပါတယ်။ နင်သေရတာ ငါ့ကြောင့် ၊ ငါ့အတ္တကြောင့်ပါ။ ဒါပေမဲ့ ငါမမှားဘူး၊ ငါမမှားခဲ့တဲ့ အတွက် ငါနောင်တလည်း ဘယ်တော့မှ ရမှာ မဟုတ်ဘူး သိလား။

"ဟိတ် . . . မင်း အဲဒါဘာလုပ်တာလဲ"

မေဖူးအသံကြောင့် ပျိုးရိပ်မျက်လုံးကို ဖျတ်ခနဲဖွင့်ကြည့်လိုက်သည် ။ ဘယ်လိုလုပ်ပြီး ဘုရားကို အာရုံပြုလို့ ရတော့မှာ လဲ။ ဒါကြောင့် ဦးချပြီး လှည့်ကြည့်လိုက်ခြင်းမှာ . . .

“မေးနေတယ်လေ၊ အဲဒါဘာလုပ်တာလဲ”

“ဟို ဟို . . . အစ်မပုံက ကျက်သရေရှိလို့ ကျွန်တော်ခွင့်တောင်းနေဖို့ အချိန်မရလို့ ပါ”

“ခွင့်မတောင်းဘဲနဲ့ နင်လုပ်ချင်တိုင်းလုပ်လို့ ရမလား၊ ဖျက် . . . ခု ဖျက်ပစ်”

“ဟာ . . . ဖျက်တော့ မဖျက်ပါရစေနဲ့ ဗျာ၊ ကျွန်တော်တောင်းပန်ပါတယ်၊ ဒီပုံက ရှားပါး မြင်ကွင်းလေး မို့လို့ ပါ”

“ဒီမှာ ”

“ဗျာ”

“အဲဒီ ရှားပါးမြင်ကွင်းက ကိုယ်နဲ့ တန်ရဲ့ လားလို့ ကိုယ့်ခေါင်းပေါ်က ကောက်ရိုးပုံကို မှန်ထောင် ကြည့်လိုက်ဦး၊ တကတဲ စကားကို တန်ရာ တန်ရာမပြောဘူး”

မေဖူးက မညှာမတာပြောလိုက်သဖြင့် ကောင်းလေး သူ့ဆံပင်သူပြန်ကိုင်ကြည့်ရင်း ပြုံးရမလို၊ မဲ့ရမလို။ ဆံပင်က ဝါကြင်ကြင်အရောင်မှာ ထိုးထိုးထောင်ထောင်တွေဖြစ်နေလို့ မေဖူးကောက်ရိုးပုံလို့ ပြောတာမလွန်။

“ဘာဖြစ်နေတာလဲ မေဖူး”

“ဒီမှာ လေ . . . နင့်ကို ဓာတ်ပုံခိုးရိုက်တာ”

ပျိုးရိပ် မျက်မှောင်ကြုတ်ကြည့်လိုက်တော့ ကောင်လေးကလည်း မရဲတရဲပြန်ကြည့်ကာ . . .

“ကျွန်တော် ခွင့်မတောင်းမိဘဲ ခုလိုလုပ်မိတာအတွက် တောင်းပန်ပါ

တယ်”

“မင်းက ဘာဖြစ်လို့ ငါ့ပုံကိုလိုချင်တာလဲ”

“ဟို ဆံပင်အရှည်ကြီးနဲ့ သနပ်ခါးပါးကွက်နဲ့ ဆိုတော့လေ ကျက်သရေရှိလို့ ပါ”

“ကောင်းပြီလေ . . . မင်း ငါ့ဓာတ်ပုံကိုလိုချင်ရင် ယူသွားလိုက်ပါ၊ ဒါပေမဲ့ ငါ့ကိုဓာတ်ပုံရိုက်ယူတဲ့ မင်းလည်း ဆံပင်တွေကို အရောင်ပြောင်းဖို့ လိုလိမ့်မယ်၊ မသိလို့ မေးဦးမယ်နော် . . . မင်း ဘာလူမျိုးလဲ”

“မြန် မြန်မာလူမျိုးပါ”

“ပုဂံအထိ ရောက် လာပြီးပြီဆိုတော့ မင်း မြန်မာတွေရဲ့ တန်ဖိုးကိုသိလောက်ပြီထင်တယ်”

“ဟုတ်ကဲ့ သိပါပြီ”

“ကမ္ဘာနဲ့ ဘယ်ပညာတွေပဲ လိုက်ပြီးရင်ပေါင်တန်းတန်း ဝတ်စားဆင်ယင်မှုတော့ လိုက်ပြီး ရင်ပေါင်တန်းဖို့ မလိုပါဘူး၊ တို့ ပြောတာ တိုက်ပုံဝတ်ပြီး ကျက်သရေခေါင်းပေါင်းပေါင်းဖို့ မဟုတ်ဘူး နော်၊ ခေတ်မီတာကောင်းပေမယ့် ခေတ်လွန်တာကို ဆင်ခြင်စေချင်တာပါ”

“ဟုတ်ကဲ့ . . . ကျွန်တော်နားလည်ပါပြီ”

ကောင်လေး အဖွဲ့ခံလိုက်ရတော့ ရှုံ့မဲ့မဲ့ဖြစ်သွားတာကိုပဲ မေဖူးက သူ့ထက်ပိုမဲ့ပြသည် ။ သူက လည်း သူပါပဲ။ သူပုံစံနဲ့ ပျိုးရိပ်ဆိုရင် အဆင်ချင်းက နံ့သာဆီနဲ့ အီးဖြစ်နေတာ အကောခံရမှာ ပေါ့။

“ကဲ မေဖူး”

“ဟင်”

“တို့ သွားရအောင်”

“အေး အေး”

ပြောချင်တာပြောလိုက်ရပြီမို့ ပျိုးရိပ်ရင်ထဲမှာ ပေါ့သွားသလိုပါပဲ။ ကောင်လေးက ကိုယ့် မောင်လေးအရွယ်လေးမို့ ဆုံးမလိုက်တာကို ဖွဲ့တယ် ရွဲ့တယ်လို့ ထင်ရင်လည်း မတတ်နိုင်။

ကိုယ့်မြန်မာလူမျိုးရဲ့ ပင်ကိုအနက်ရောင်ဆံပင်ကို ကာလာတင်ပြီး ဘာကြောင့် များ ဒေါင်း ယောင်ဆောင်တဲ့ ကျီး လုပ်ချင်ကြတာပါလိမ့်။ တကယ်ဆို ဒေါင်းကလည်း ဒေါင်းအလှရှိသလို ကျီးကလည်း ကျီးဘ၀နဲ့ သာ တင့်တယ်လိမ့်မည်ပေါ့။

*

# အခန်း (၂)

ပုဂံကိုခြေချခဲ့ပြီး ဘယ်ကိုမှ မထွက်ဖြစ်သေးတဲ့ ရှိန်ဝါ။ ဒီနေ့တော့ ဘုရားတွေအနှံ့လျှောက်ဖူးမည် ဟု ညီဝမ်းကွဲအောင်ကြည်မင်းကို စောင့်နေတာ တော်တော်နှင့် ရောက်မလာနိုင်တော့ စိတ်ကတိုချင်ချင်။ သူရောက်လာတည်းက လင်ပန်းဖင်ဆုပ်မမိလျှောက်သွားနေတဲ့ ကောင်။

ကင်မရာတစ်လုံးနဲ့ လျှောက်သွားနေပြီး အခု ပုံကူးသွားတာ နောက်နေ့မှ သွားပါလို့ ပြောမရ။ ထွက်သွားပြီး ပြန်လာသေးတာ ဖြစ်၏။

"ကိုဂုဏ်"

ဟော . . . ပြန်လာပါပြီ။ သုတ်သီးသုတ်ပျာပုံစံနှင့် ဝင် လာပြီး ဓာတ်ပုံတွေပါသောအိတ်ကို စားပွဲပေါ်သို့လှမ်းတင်၏။ ပြီးတော့မှ အလုပ်တွေရှုပ်လို့ မောပန်းလာသလို ရေသန့်တစ်ဘူးယူပြီး မော့ချ နေတာတကျိုက်ကျိုက်။

"နေစမ်းပါဦး . . . ဒီဓာတ်ပုံတွေကို နောက်နေ့မှ သွားကူးပါလို့ ပြောလို့ မရအောင် မင်းက ဘာတွေ အရေးကြီးနေတာလဲ"

"အရေးကြီးတယ်"

ရေကိုမျိုချပြီးဖြေလိုက်တာ ကသောကသီ။ ရှိန်ဝါမျက်မှောင်ကြုတ်သွားပြီး . . .

"ဘာတွေ ထူးဆန်းထွေလာရိုက်လာမိလို့ အရေးကြီးနေတာလဲ၊ ဘာ

လဲ . . . ဂါဝန်တိုတိုဝတ်လာ တဲ့ ကောင်မလေး ဘုရားမြင့်မြင့်ပေါ်တက်နေတုန်း မင်းအောက်ကနေ ပင့်ရိုက်လာလို့ လား”

“ကြံကြီးစည်ရာ ကိုဂုဏ်ရာ”

“ဒါနဲ့ များ စောင့်ရတဲ့ လူကို မင်း အားနာဖော်မရဘူး၊ ဒီနေ့ သွားရော သွားဖြစ်ဦးမှာ လား ပြော”

“ကျွတ် . . . ကိုဂုဏ်ကဗျာ၊ ပွစိ ပွစိနဲ့ တကယ့်အဘိုးကြီးကျနေတာပဲ ”

“မင်းလုပ်ပုံက ဟုတ်လို့ လား”

“ကိုဂုဏ်ပြောသလို အတိုအပြတ်အကျပ်တွေကိုသာ ဓာတ်ပုံရိုက်ယူချင်ရင် ဒီအထိတောင် လာ စရာမလိုဘူး၊ ရန်ကုန်မှာ တောင် ပေါလွှန်းလို့ ရိုက်သတ်မကုန်ဘူး၊ အခုက တကယ့်အနှစ်၊ ကိုဂုဏ် တောင် မြင်ရင် အသည်းခိုင်ပါ့မလားပဲ”

“သိပ်ကြီးကျယ်မနေနဲ့ သွားမယ်”

“တကယ်ပြောတာ၊ သူ့ကိုတွေ့ပြီး ကျွန်တော်တောင် မနက်ဖြန်ဆံပင်ညှပ်ပြီး အနက်ဆေးပြန်ဆိုး တော့မလို့ ၊ တကယ် မြန်မာ့ယဉ်ကျေးမှုကို ထိန်းသိမ်းထားတာ၊ မြင်သူတိုင်းကို ကျက်သရေအပေါင်း နဲ့ ပြည့်စုံစေတာဗျာ၊ နိုင်ငံခြားသားတွေတောင် သူ့ကို ဓာတ်ပုံရိုက်ယူကြတာ တကယ် . . . တကယ်”

“ကဲ . . . တော်ပါတော့ကွာ”

ရှိန်ဝါ ခပ်ငေါက်ငေါက်ပြောလိုက်တာတောင် အောင်ကြည်မင်းက အလျှော့ပေးချင်ပုံမရဘဲ ဆက်ပြောချင်နေသည့် ပုံ။ ထွက်လိုက်တဲ့ စကားက ခွေးဖင်က နတ်စကားထွက်ဆိုတာမျိုး။ တောအသုံးနဲ့ ဆို သူခိုး

နင်းထားတဲ့ ကောက်လှိုင်းလို ဖရိုဖရဲဆံပင်နဲ့ ။

အရောင်က နီလိုက် ဝါလိုက်၊ ဟော့မှ ကြိုက်တယ်ဆိုပြီး ရှိန်ဝါဘယ်လောက်ပဲ ဆူဆူ မာန်မာန် . . .တစ်စက်ကလေး အချိုးမပြောင်းသည့် အောင်ကြည်မင်း။ အခုမှ သူ့ပါးစပ်က မြန်မာ့ယဉ်ကျေးမှုတွေ၊ အနှစ်တွေဆိုတာတွေ ထွက်လာတာဆန်းနေတာပေ့ါ။

"ဘုရားကို အာရုံပြုနေလိုက်တာများ ဗျာ မြင်ရသူရင်ထဲကို အေးချမ်းသွားစေတာ"

"မင်း အဖျားတက်တာဖြစ်မှာ ပေ့ါ"

"ကိုဂုဏ်ကဗျာ အကောင်းကိုမပြောဘူး။ ကဲ . . . သွားမယ် သွားမယ်
"

ဟိုတယ်မှာ တည်းတာမယ့် သွားချင်ရာသွား၊ လာချင်ရာလာဖို့ အတွက် ဆိုင်ကယ်ငှားထားသည် မို့ အောင်ကြည်မင်းက ဆိုင်ကယ်ဆီသို့ဆင်းသွားလေသည် ။

ရှိန်ဝါ ပုဂံလမ်းညွှန်စာအုပ်ကိုယူပြီး နောက်မှ လိုက်လာတာ . . .

"ဘယ်ကိုအရင်သွားမလဲ"

"ရောက်ရာအရပ်မှာ ကြုံရာဘုရားဖူးကြတာပေ့ါ"

"ဟာ . . . အဲဒီလိုတော့ ဖြစ်မလားကွ"

"ကိုဂုဏ်ကလည်း လက်ညှိုးထိုးမလွဲ ဘုရားတွေကို အနှံ့ဖူးချင်လို့ တော့ရမလား၊ ပုဂံဘုရားကို နှံ့အောင်ဖူးချင်ရင် ပုဂံသူကိုယူမှ ဖြစ်မှာ "

"လွယ်ပါတယ်ကွာ၊ အမြင့်ဆုံးဘုရားပေါ်တက်ပြီး လက်အုပ်ချီတစ်ပတ်လှည့်လိုက်တာပေ့ါ"

အောင်ကြည်မင်း သဘောပေါက်စွာရယ်လေ၏။ လှည်းဝင်ရိုးသံ တညံညံ ပုဂံဘုရားပေါင်းဆိုတဲ့ ဆိုရိုးနှင့် ရှိခဲ့သော ဘုရားပေါင်းမြောက်မြားစွာတို့ သည် ပုဂံမြေကို ထင်ရှားကျော်ကြားစေခဲ့၏။ ဟိုတုန်း က ပဲတစ်တင်းပြုတ်ပြီး ဘုရားတစ်ဆူကိုပဲ တစ်စေ့သာ လှူတာတောင် မလောက်ဘူးလို့ လည်း ပြောသံ ကြားဖူးသည် ။

“ကဲ . . . ကျွန်တော်သတ်မှတ်မယ်၊ ရွှေစည်းခုံဘုရားကို အရင်သွားမယ်”

“အိုကေ”

*

# အခန်း (၃)

"ကဲ . . . လာပါ လင်းဆက်ရယ်၊ နင်ဈေးကိုင်နေတာနဲ့ တို့ နောက်ကျ တော့မယ်ဟဲ့"

"ဒီနေ့ ဘယ်လောက်ပေးမှာ လဲ"

"ဩော် . . . နင်ကလည်း ငွေစကားပြောလိုက်တာ၊ ကြည့်ပေးမှာ ပေါ့ ဟဲ့"

"ဘယ်သူကများ မျက်စိမှိတ်ပြီး အတန်ကြီးပေးဖူးလို့ လဲ၊ ဟွန်း . . . နှပ်ချေးငါးပိလုပ်စားနေတဲ့ လူတွေကများ "

"နင်ရော ဘာထူးလဲ၊ မျက်ချေးငါးပိလုပ်စားနေတာ မဟုတ်ဘူး လား ၊ အရှုးက တစ်မူးပိုသာ မနေနဲ့ ၊ ကဲ လာ . . . တက် မေဖူး၊ သူနဲ့ ပြိုင်ပြီး ဟေတုတက်နေလို့ တောင်ပွဲလည်း မမီ၊ မြောက်ကပွဲလည်း မမီဆိုတာမျိုး ဖြစ်နေဦးမယ်"

ပြောရင်းဆိုရင်းပဲ ပျိုးရိပ်နဲ့ မေဖူး မြင်းလှည်းပေါ်သို့တက်လိုက်ကြ သည် ။ သူတို့ နှစ်ယောက် ပုဂံ အမှတ်တရလက်ဆောင်ဖြစ်သော အလှ ကုန်ပစ္စည်းအချို့နှင့် ယွန်း၊ ကြိမ် အစရှိသည် တို့ နှင့် ပြုလုပ်ထားသော လှတပတကလေးကစားစရာကအစ ရောင်းသည့် ဆိုင်လေးဖွင့်ထား တာပါ။ သနပ်ခါးတုံးလည်း ရောင်းသည် လေ။

အခု ဆိုင်အတွက်လိုအပ်တဲ့ ပစ္စည်းလေးတွေ သွားဝယ်ဖို့ အတွက်

ထုံးစံအတိုင်း လင်းဆက်ကိုပဲ ညှဉ်းဆဲနေရတာပါ။ လင်းဆက်သော်ဆို တာ ပျိုးရိပ်တို့ နဲ့ သူငယ်ချင်းတွေမို့ ပြောမနာဆိုမနာ။ သူ့ကိုပဲ မောင်လို အစ်ကိုလို အားကိုးအားထားပြုနေရသည် ဆိုလျှင် လည်း မမှား။

ပျိုးရိပ်တို့ က မိန်းကလေးတွေဆိုတော့ သွားပြီ လာပြီဆို လင်းဆက် က အကာအရံတစ်ခုလိုပါ။ မေဖူးက အမေအိုကြီးကို လုပ်ကျွေးနေတာဖြ စ်ပြီး ညီမလေးတစ်ယောက်ရှိတာကိုလည်း ကျောင်းထား ပေးနေရသူ။

လင်းဆက်ကတော့ ညီအစ်ကိုမောင်နှမလေးယောက်ရှိပြီး အကြီး ဆုံးသားမို့ မိဘတာဝန်တွေကို ခွဲဝေထမ်းဆောင်နေရသူ ဖြစ်၏။

ပျိုးရိပ်မှာ သာ အရင်က မောင်နှမနှစ်ယောက်။ အခုတော့ တစ်ကော င်ကြွက်ဘဝနှင့် အထီးကျန် စွာရပ်တည်နေသူပါ။

ဒီလိုဖြစ်ခဲ့ရခြင်း အကြောင်းတရားတွေက ထင်ရှားကျော်ကြားတဲ့ ပု ဂံမြေကြောင့် လား၊ အချစ်ကို ဦးစားပေးကိုးကွယ်တဲ့ မိုးရိပ်ကြောင့် လား ။ ဒါမှ မဟုတ် ကိုယ့်အမျိုး ကိုယ့်ယဉ်ကျေးမှုကိုမှ ချစ်ခင် လေးစားမိတဲ့ ပျိုးရိပ်ရဲ့ အစွန်းရောက်အတ္တတွေကြောင့် လား။

ဘာကိုအပြစ်တင်ရမှန်းမသိတဲ့ အဖြစ်သနစ်တွေထဲမှာ အားလုံးက သူ့အမြင် သူ့ရှုထောင့်နှင့် သူ မှန်နေကြတာပဲလေ။

"လင်းဆက်"

"ဘာလဲဟ"

"မြင်းလှည်းခအတွက် နင်မပူပါနဲ့ ဟယ်၊ နင် မနစ်နာစေရပါဘူး"

"အဟွန်း . . . ဟွန်း အဲဒီစကားက ရိုးနေပြီ မိဖူးရဲ့ ၊ မရိုက်ရင် မနာ ဘူးပေ့ါဟာ၊ အဲဒီစကား ကလေးတွေကို သွားပြော . . . သိလား"

"နင်မသိဘူးလားလို့ ပြောကြည့်တာပါ၊ သိနေရင်လည်း ပြီးတာပဲ"

"မပြီးဘူးဟေ့ . . . မြင်းလှည်းစီးခ ငါကဘယ်လောက်လိုချင်လဲ သိလား"

"သိသားပဲ . . . ပျိုးရိပ်ဆီက ထောင့်ငါးရာမဟုတ်လား"

"ဟယ် မိဖူး"

ပျိုးရိပ်က မေဖူးကျောကုန်းကိုထုလိုက်ပေမယ့် မေဖူးက ကျောကော့ကာရယ်လေသည် ။ လင်းဆက်မျက်နှာကလည်း ပြုံးစိစိ။ ပြုံးဆိုဒီယုန်မြင်လို့ ဒီချုံထွင်တာမျိုး စကားလမ်းကြောင်းလိုက် တာလေ။ လင်းဆက်ရင်ထဲမှာ ပျိုးရိပ်ရှိနေတာ အရွယ်ရောက်ကတည်းကဆိုတာ မိဘတွေကအစ သိနေ တာပါ။

လင်းဆက် ဖွင့်ပြောခဲ့ဖူးပေမယ့် ပျိုးရိပ်က သူငယ်ချင်းလို အစ်ကိုလိုပဲ ခင်ပါရစေဆိုပြီး ငြင်းခဲ့တာ။ လင်းဆက် မတတ်သာလို့ ခပ်ခွာခွာနေရပေမယ့် ပျိုးရိပ်နေရာမှ ဘယ်သူ့ကိုမှ အစားမထိုးခဲ့ပေ။ မျှော်လင့်ချက်ရောင်ခြည်တန်းလေးနဲ့ ယခုတိုင်စောင့်စားနေဆဲဆိုတာ . . .

"ငါပြောတာ ဟုတ်တယ် မဟုတ်လား လင်းဆက်"

"အေး. . . လိုချင်တာတော့ အမှန်၊ ပေးရင်တော့ ထီပေါက်တာထက်ငါ ပျော်မိမှာ ဟ"

"လင်းဆက်ရယ် နင်နော်"

"ပေးမယ်လား"

"ရှိရင်းစွဲပါ ရပ်သိမ်းလိုက်လို့ ဘာမှတ်လဲ"

"မလုပ်ပါနဲ့ ပျိုးရိပ်ရာ၊ နင့်စကားနဲ့ ပဲ ငါ့မှာ ကိုဗညားဟန်လေးလုပ်

နေရတာကို ကျေနပ်နေရ သူပါ၊ အဲဒီအခွင့်အရေးလေးတော့ မဆုံးရှုံးပါ ရစေနဲ့ ”

“နင်က ကိုဗညားဟန်လေးလုပ်နေရတာကို ကျေနပ်တယ်ဆိုတာ ဘာလဲလင်းဆက်”

“နင်ကလည်း မတုံးစမ်းပါနဲ့ မိဖူးရာ . . . ကိုဗညားဟန်ရဲ့ သူငယ်ချင်းလိုပဲ ဆက်၍ ခင်စေချင် ဆိုတာလေ”

“သြော် . . . အေး . . . ပေါက်ပြီ ပေါက်ပြီ၊ ဗညားဟန်ရဲ့ သူငယ်ချင်း လိုပဲ ဆက်၍ ခင်စေချင် ဆိုတာ”

“မေဖူး”

“အောင်မယ်လေး”

မေဖူး အောင်မယ်လေး တလိုက်တာသည် ပျိုးရိပ် တံတောင်နှင့် တု တ်လိုက်လို့ မဟုတ်။ မြင်းလှည်း က ဖြည်းဖြည်းမောင်းနေရာမှ အရှိန်မြှ င့်လိုက်လို့ ယိုင်ခနဲဖြစ်သွားတာပါ။

“အချစ်ရေးကို မျှော့သွေးစမ်းသလို ငါကသွားစမ်းမိတော့ ခံရတာပေါ့ မိဖူးရာ၊ ငါကိုယ်က လူပျိုကြီးဇာတာပါတယ်ထင်ပါရဲ့ ”

“အံမယ် . . . နင့်ကို ပျိုးရိပ်က အပျိုကြီးလုပ်မယ်လို့ ပြောလို့ လား”

“သူမလုပ်လည်း ငါကသူ့နေရာမှာ အစားထိုးနိုင်ရေးမလွယ်ဘူးဟ”

“ကြာရင် ရူးမယ်”

“ပျိုးရိပ်”

“ဘာတုံး”

“နင်ငါ့ကို နည်းနည်းလေးမှ မသနားဘူးလားဟာ”

ပျိုးရိပ် မှဲ့ခနဲဖြစ်သွားပြီး . . .

"နင့်မှာ ခြေတွေလက်တွေ အကောင်းကြီးကို ဘာသနားစရာလိုလို့လဲ"

"ဟင် . . . လင်းဆက်မှာ တစ်ခုခု ချို့ယွင်းသွားရင်တော့ နင်သနားပြီး လက်ခံမယ်ပေ့ါ ဟုတ်လား ပျိုးရိပ်"

"မေဖူးနော် . . . နင်စကားကိုဖောက်ပြီး ဆွဲမယူနဲ့၊ သိလား"

"နင်ကလည်း နင်သာခေါင်းညိတ်ရင် လင်းဆက် မြင်းလှည်းပေါ်က ကျွမ်းပစ်ချပြီးမြင်းနင်း ခံမလား လို့ ပါ"

"သေနာမ . . . နင်က ငါ့ကိုသေကြောင်းကြံနေတာ"

မြင်းလှည်းပေါ်မှ ရယ်သံလေးများ သည် နောက်မှာ ပျံ့လွင့်ကျန်ခဲ့၏။ နိုင်ငံခြားသားတွေရော မြန်မာတွေပါ ဆိုင်ကယ်၊ စက်ဘီး၊ ကား စသည် တို့ နှင့် ဥဒဟိုသွားလာနေကြတာ။ သူတို့ မြင်းလှည်းလေးပေါ်ကို ကြည့်ကြည့်သွားခြင်းသည် ငယ်ငယ်ချောချော ကောင်လေး မြင်းလှည်းမောင်းနေတာကိုလား မြန်မာဆန်ဆန်လှပသည့် ကောင်မလေးတွေကိုလား မသိပေ။

"လင်းဆက်"

"ဘာလဲဟ"

"နင် ဒီလိုလုပ်ပါလား"

"ဘယ်လိုလဲ"

လင်းဆက်က နောက်သို့ပြန်ငဲ့ကြည့်လေလျှင် မေဖူးက စပ်ဖြဲဖြဲမျက်နှာနှင့် . . .

"မီဒီယိုတွေထဲကလိုပေါ့ဟယ်။ မင်းသားပုံစံနဲ့ မှ မရရင် လူကြမ်းလုပ်လိုက်ပေါ့ဟ"

"မယ်မင်းကြီးမရယ် . . .နင်ငါ့ကို အမြင်ရှုပ်လို့ ခြေချုပ်ပြီး ထောင်ထဲပို့ချင်တာလား၊ ဟုတ်လား"

"မဟုတ်ပါဘူး၊ ငါကမမြင်ရက်လို့ ကြင်ဖက်ကိုချုပ်တဲ့ နည်းပြောပြတာ"

"တော်တော် အကြံကောင်း"

ပျိုးရိပ်လက်က မေဖူးခေါင်းပေါ်ကို ဒေါက်ခနဲခေါက်ပြီး ဖြစ်သွားသည် ။ အချစ်ကို အကြမ်းဖက်ပြီး ယူလို့ ရရိုးထုံးစံရှိသလား။

*